# စက်မှုဝန်ကြီးဌာန

## စက်မှုသတင်းလွှာ

အတွဲ(၄)၊ အမှတ်(၄)၊ ၂၀၂၅ ခုနှစ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

### ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု လိုက်လံကြည့်ရှုစစ်ဆေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ဒီဇင်ဘာလ ၅ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

စာမျက်နှာ ၂ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုတေသနဌာနခွဲ (ပြင်ဦးလွင်) အတွင်း MSME လုပ်ငန်းများမှ လက်ခံရရှိသောနမူနာပစ္စည်းများ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှုအားပေးစဉ်။

အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများ
အလုံးစုံပြီးစီးရေး ဆွေးနွေး

စာမျက်နှာ ၁၅ သို့

သံရည်ကျိုနည်းပညာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

စာမျက်နှာ ၁၃ သို့

စက်မှုဝန်ကြီးဌာနမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်။

စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)
ဇေယျာသီရိလမ်း၊ နေပြည်တော်။
ဖုန်း- ၀၆၇-၃၄၀၅၀၄၂

**မျက်နှာဖုံးမှ -**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မန္တလေး-လားရှိုးလမ်းမကြီးမှ ဇီးပင်ကြီးကျေးရွာနှင့်ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့်လမ်းသစ်ဖောက်လုပ်မည့် လျာထားလမ်းအူကြောင်းနေရာတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ရေရှည်တည်တံ့ခိုင်မြဲပြီး အဆင့်မီသည့်လမ်းဖြစ်ပေါ်လာစေရေး၊ ဒေသခံများအဆင့်မီမီအသုံးပြုသွားလာနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန(ပြင်ဦးလွင်ခရိုင်ရုံးခွဲ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စားသောက်ကုန်ဓာတ်ခွဲခန်းရှင်းလင်းဆောင်၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စားသောက်ကုန်ဓာတ်ခွဲခန်းများဆောင်ရွက်ရခြင်းရည်ရွယ်ချက်၊ ပြည်တွင်းရှိစားသောက်ကုန်ဆိုင်ရာ ဓာတ်ခွဲခန်းများ၊ စက်မှုဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ MSME လုပ်ငန်းများနှင့်ထုတ်လုပ်မှုလုပ်ငန်း အမျိုးအစားများ၊ မြန်မာ့ SME များ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်ရန်လိုအပ်မှု၊ ဓာတ်ခွဲစမ်းသပ်ဝန်ဆောင်မှုပေးနိုင်သည့်အခြေအနေနှင့် MSME လုပ်ငန်းများအတွက် ပို့ချမည့်သင်တန်းများ၊ သုတေသနဌာနခွဲ(ပြင်ဦးလွင်)ဖြစ်ပေါ်လာပုံနှင့် ဓာတ်ခွဲစမ်းသပ်ဝန်ဆောင်မှုပေးနိုင်မှု၊ ဓာတ်ခွဲခန်းဆိုင်ရာနိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO 17025:2017) ရရှိနိုင်ရေးဆောင်ရွက်နေမှုနှင့်အဏုဇီဝဓာတ်ခွဲခန်း လိုအပ်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်ဒေသသည် MSME လုပ်ငန်းများ များစွာရှိသည်ဖြစ်သဖြင့် စားသောက်ကုန်ဓာတ်ခွဲခန်းဆောင်ရွက်ပေးခြင်းသည် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညဲတောဈေး)အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း အဆင့်ဆင့်အလိုက်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ အထပ်အလိုက်ဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ မြန်မာပြည်တွင် အကြီးဆုံး Curved LED Display နှင့်အဆောက်အအုံမျက်နှာစာများ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ အလှမီးဆိုင်းများ ထည့်သွင်းထားရှိမှု၊ ယာဉ်ရပ်နားသည့်နေရာများ ဆောင်ရွက်ထားရှိမှု၊ Solar System ဖြင့် စီမံကိန်းတစ်ခုလုံး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို Air Condition System မှလွဲ၍ ကျန်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ခြောက်နာရီကြာ ပံ့ပိုးပေးနိုင်အောင် ထည့်သွင်းဆောင်ရွက်ထားရှိမှု၊ ရေဝင်ရေထွက်ကောင်းမွန်စေရေးနှင့် ရေဆိုးစွန့်ထုတ်မှုတို့အတွက် တွက်ချက်ဆောင်ရွက်ထားရှိမှုနှင့်စီမံကိန်းကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့်ဆောက်လုပ်မှုစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။





ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် သုတေသနဌာနခွဲ(ပြင်ဦးလွင်)အတွင်း MSME လုပ်ငန်းများမှလက်ခံရရှိသော နမူနာပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ခြင်းဆောင်ရွက်ထားရှိမှုနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**စာမျက်နှာ ၃ သို့-**

စာမျက်နှာ ၂ မှ-

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ယခုသုမင်္ဂလာဈေး(ညံ့တောဈေး)အဆင့်မြင့်ဈေးသစ်စီမံကိန်းကို ပြင်ဦးလွင်မြို့၏လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့်ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့်အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီသည့် အဆင့်မြင့်ဈေးဖြစ်သဖြင့် ဈေးရောင်းချမှုများသည်လည်း စနစ်တကျဖြစ်စေရန်နှင့်အဆင့်မီရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် သုမင်္ဂလာဈေး (ညံ့တောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ သုမင်္ဂလာဈေး(ညံ့တောဈေး) အဆင့်မြင့်ဈေးသစ်အဆောက်အအုံမျက်နှာစာတွင် အလျား ၁၆၅ ပေ၊ အနံ ၆၁ ပေ နှင့် ၁၄၅ ဒီဂရီရှိ မြန်မာပြည်တွင်အကြီးဆုံး Curved LED Display ကို တပ်ဆင်ထားရှိပြီး မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီသည့် အဆင့်မြင့်ဈေးသစ်အဆောက်အအုံကြီး ရုပ်လုံးကြွအကောင်အထည်ပေါ်လာမှုကို ဒေသခံပြည်သူများအနေဖြင့် ဂုဏ်ယူစွာလာရောက်ကြည့်ရှုခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း

### SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့်စက်ရုံအား ကြည့်ရှုစစ်ဆေးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်း ပြပွဲ/ပြိုင်ပွဲအစမ်းအနားတက်ရောက်

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အောက်တိုဘာလ ၂ ရက်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့စက်မှုဇုန်ရှိ မြင့်မြတ်မောင်ကုမ္ပဏီလီမိတက်၏ SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်သည့်စက်ရုံသို့ရောက်ရှိပြီး Dongfeng အမှတ်တံဆိပ် လျှပ်စစ်သုံးမော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ယနေ့အချိန်အခါတွင် ကမ္ဘာကြီးပူနွေးလာခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုများပြားလာခြင်း၊ ရေထု၊ လေထုညစ်ညမ်းမှု မြင့်တက်လာခြင်း စသည့်အကြောင်းအရာများသည် ကမ္ဘာ့



လူမှုစီးပွားရေးအခြေအနေများကို များစွာသက်ရောက်နေသဖြင့် ကမ္ဘာ့နိုင်ငံများသည် တွင်းထွက်လောင်စာဆီသုံးစွဲမှုအစား လျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ ဟိုက်ဒရိုဂျင်နှင့် ဇီဝလောင်စာစသည်တို့ဖြင့် အစားထိုးသုံးစွဲနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်စွမ်းအင်အသုံးပြုမောင်းနှင်သည့်ယာဉ်များ ထုတ်လုပ်အသုံးပြုခြင်းနည်းလမ်းသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီး လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ကြောင်း၊ မူဝါဒတွင် ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ဖွံ့ဖြိုးရေးလမ်းပြမြေပုံများ စသဖြင့် သတ်မှတ်ရေးဆွဲထားပြီးဖြစ်၍ မူဝါဒနှင့်အညီ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ရမည်

စာမျက်နှာ ၄ သို့-

*စာမျက်နှာ ၃ မှ-*

ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် မော်တော်ယာဉ်အစိတ်အပိုင်းများကို သတ်မှတ်ထားသည့်အတိုင်း ပြည်ပမှတင်သွင်း၍ တပ်ဆင်ထုတ်လုပ်နေရုံဖြင့် ကျေနပ်မနေဘဲ မော်တော်ယာဉ်၏ တချို့အစိတ်အပိုင်းများကို ပြည်တွင်း၌ ကိုယ်တိုင်ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်အစိတ်အပိုင်းများအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်းသည် MSME များ အလုပ်အကိုင်ရရေး ဦးတည်နေခြင်းဖြစ်၍ MSME များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်လျှင် အကြီးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူအများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိ၍ ဝင်ငွေများတိုးတက်ရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် လုပ်ငန်းတာဝန်များကို အလေးထားကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီဆောင်ရွက်ရန်နှင့် သုံးစွဲသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် တပ်ဆင်ထုတ်လုပ်ပြီးသည့်မော်တော်ယာဉ်များ၏ အပိုပစ္စည်းများရရှိရေး စီမံဆောင်ရွက်ပေးရန်နှင့် ရောင်းချပြီးနောက်ပိုင်း ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ စက်ရုံရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေးအတွက် အစီအမံများဆောင်ရွက်သွားရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့တွင်ကျင်းပသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းပြပွဲ/ပြိုင်ပွဲဖွင့်ပွဲအခမ်း



အနားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။




ယခုကျင်းပသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းပြပွဲ/ပြိုင်ပွဲကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ရန်၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို စက်မှုကဏ္ဍနှင့်ပေါင်းစပ်၍ ပန်းတိုင်အထွက်နှုန်းရရှိစေရန်၊ စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီချိန်အတွင်း အချိန်မီဆောင်ရွက်နိုင်ရန်၊ အလုပ်သမားရှားပါးမှုကိုဖြေရှင်းနိုင်ရန်၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများထုတ်လုပ်သည့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ သုံးစွဲသူတောင်သူများ၏ လိုအပ်ချက်များနှင့်အညီ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ထုတ်လုပ်ပေးနိုင်ရန်၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား ဒေသတွင်းမှသည် နိုင်ငံတစ်ဝှမ်း ဖြန့်ဖြူးရောင်းချနိုင်ရန်၊ ထုတ်လုပ်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား သုံးစွဲသူတောင်သူများ သိရှိစေရန်၊ ထုတ်လုပ်သူလုပ်ငန်းရှင်အချင်းချင်း နည်းပညာမျှဝေနိုင်ရန်၊ ထုတ်လုပ်သူတစ်ဦးချင်းစီ၏ အား

*စာမျက်နှာ ၅ သို့-*

# ဖွဲ့နုဆီစက်၊ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်နေမှုအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အောက်တိုဘာလ ၇ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ Mapco မှ ဖွဲ့နုဆီစက်တည်ဆောက်နေမှု၊ ဒက္ခိဏသီရိမြို့နယ်ရှိ New Stellar Energy MM Co.,Ltd. ၏ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများတပ်ဆင်ထုတ်လုပ်မည့် စက်ရုံနှင့် Myanmar New Power Auto Co.,Ltd. မှ SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်၊ နှစ်ဘီး၊ သုံးဘီး၊ မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်မည့် စက်ရုံစီမံကိန်းများသို့ရောက်ရှိပြီး စက်ရုံများတည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးက လိုက်လံရှင်းလင်းပြသသည်။(ပုံ)



ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ လျင်မြန်စွာပြီးစီးရေးနှင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ကြုံတွေ့ရသည့်အခက်အခဲများရှိပါက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ စက်ရုံအဆောက်အဦများတည်ဆောက်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း၊ လမ်းညွှန်ချက်များ-၂၀၂၅ နှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်း (Agro Based Industry) များကို အောင်မြင်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသဖြင့် စက်ရုံစီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်၍ လယ်ယာထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြင့် စတင်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆိုလာနှင့်ဆက်စပ်ပစ္စည်းများဖြစ်သည့် အင်ဗာတာ၊ ဘတ္တရီများ တပ်ဆင်ထုတ်လုပ်ရန်အတွက် စက်ရုံအား သတ်မှတ်ချိန်တွင် စတင်လည်ပတ်နိုင်ရေးအတွက် အဆင့်အလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရေးဆွဲထားရှိသည့် အချိန်ဇယားအတိုင်း ပြီးစီးရေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ၊ စက်တပ်ဆင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အချိန်မီပြီးစီးရေး၊ စနစ်တကျရှိရေး၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် Check List များ ပြုစုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်မှထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် သွင်းကုန်အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်မည်ဖြစ်၍ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြပေးစေလိုကြောင်းနှင့် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး ကုမ္ပဏီတာဝန်ရှိသူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**စာမျက်နှာ ၄ မှ-**

နည်းချက်၊ အားသာချက်များကို ဖော်ထုတ်သိရှိနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။ ပြပွဲတွင် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် လက်ဆွဲကောက်ရိတ်စက်၊ လက်ဆွဲအစေ့ချစက်၊ သီးနှံအခြောက်ခံစက်၊ သီးနှံစုံချွေလှေ့စက်၊ ကြံစိုက်စက်၊ နှမ်းစိုက်စက်၊ ဆေးဖြန်းစက်၊ ထွက်စက်ကြီးများနှင့် တွဲဖက်အသုံးပြုရသည့် ထယ်/ထွန်များ၊ ပေါင်းလိုက် သမန်းနှီးကိရိယာများ၊ သဘာဝဓာတ်မြေသြဇာများ စသည့်လယ်ယာသုံးပစ္စည်း (၈၃) မျိုးကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပါသည်။ ပြပွဲကို အောက်တိုဘာလ ၂ ရက်နေ့မှ ၆ ရက်နေ့ အထိ ၅ ရက်တိုင်တိုင်ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၏ စွမ်းဆောင်ရည်ပြိုင်ပွဲများ ထည့်သွင်းကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အောက်တိုဘာလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ နည်းပြဆရာ/ဆရာမများအား တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန ညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ကြီးတို့က ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စက်မှုသင်တန်းကျောင်းရှိ ဝန်ထမ်းများ၊ မိသားစုဝင်များ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ စက်မှုကျွမ်းကျင်တစ်နှစ် သင်တန်းဖွင့်လှစ်၍ လေ့ကျင့်သင်ကြားနေမှုတို့ကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက စက်မှုသင်တန်းကျောင်းများ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များကို တိတိကျကျသတ်မှတ်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များအပေါ် အဓိကအကောင်အထည်ဖော် ဆောင်ရွက်ရမည့်အချက်များကိုသတ်မှတ်၍ အောင်မြင်အောင်လက်တွေ့ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိကိုလည်း ပြန်လည်သုံးသပ်ရမည်ဖြစ်ကြောင်း၊ နည်းပြဆရာ/ဆရာမများအနေဖြင့် နိုင်ငံတော်၏ပညာရေးနှင့်ပတ်သက်သည့် မူဝါဒ၊ သက်မွေးပညာသင်ကျောင်းများ၏မူဝါဒ၊ စက်မှုကဏ္ဍ၏မူဝါဒတို့ကို လေ့လာ၍ သင်တန်းကျောင်း၏ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များကို အဆင့်မြှင့်တင်သတ်မှတ်ရမည်ဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများအား နိုင်ငံတော်၏စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူဖြစ်စေရန်၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်၍ ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ထောင်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်ပသွင်းကုန် လျှော့ချနိုင်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ***'နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးဖို့'*** ဆောင်ပုဒ်ကို သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ကျွမ်းကျင်လုပ်သားများသည် မဖြစ်မနေလိုအပ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများအနေဖြင့် ကျွမ်းကျင်လုပ်သားများကို ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများသည် ကျွမ်းကျင်မှုအခြေခံပညာရေးစနစ်ဖြစ်သည့်အတွက် သင်တန်းသားများကို အမှန်တကယ်ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းမှလေ့ကျင့်သင်ကြားပေးသည့်ပညာရပ်များကို သင်တန်းသား၊ သင်တန်းသူများ အမှန်တကယ် တတ်မြောက်မှုရှိ/မရှိ သိရှိစေရေးအတွက် အမြဲတမ်းပြန်လည်ဆန်းစစ်ရမည်ဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံတော်အတွက် လိုအပ်သောကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ၊ လေ့ကျင့်သင်ကြားရေးစနစ်တို့ကိုလည်း အမြဲတမ်းသုံးသပ်၍ အဆင့်မြှင့်တင်နေရမည်ဖြစ်ကြောင်း၊ ဆရာ/ဆရာမများအနေဖြင့် သင်တန်းသား၊ သင်တန်းသူများအား လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ် ပြန်လည်အသုံးချနိုင်သည်အထိ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ နည်းပြဆရာ/ဆရာမများသည် သက်ဆိုင်ရာ နည်းပညာအထူးပြုဘာသာရပ်များကို ကျွမ်းကျင်သူများဖြစ်အောင် စဉ်ဆက်မပြတ်လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မကြာမီကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဝန်ထမ်းများ၊ မိသားစုဝင်များအားလုံး ဆန္ဒမဲပေးနိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း

***စာမျက်နှာ ၈ သို့-***



# ၂၀၂၅ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏ အထွေထွေညီလာခံနှင့် ကမ္ဘာလုံးဆိုင်ရာ အင်ဂျင်နီယာကွန်ဂရက်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

၂၀၂၅ ခုနှစ် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏အထွေထွေညီလာခံနှင့် ကမ္ဘာလုံးဆိုင်ရာအင်ဂျင်နီယာကွန်ဂရက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့၌ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းဦးဆောင်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ အင်ဂျင်နီယာပညာရေးစိစစ်အသိအမှတ်ပြုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်မင်းအောင်တို့အပါအဝင် မြန်မာကိုယ်စားလှယ် ၁၁ ဦး တက်ရောက်သည်။

အောက်တိုဘာလ ၁၃ ရက်နေ့ ဒေသစံတော်ချိန် ၉ နာရီတွင် ကျင်းပပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနား၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ဒေါက်တာချာလီသန်းက *'ကမ္ဘာအနှံ့တွင် ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝအရင်းအမြစ်ရှားပါးခြင်းနှင့်သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများအကြား အင်ဂျင်နီယာများသည် လူသားများအတွက် ပြန်လည်တည်ဆောက်သူ၊ ကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်သူအဖြစ် နိုးထရမည့်အချိန်'* ရောက်ပြီဖြစ်ကြောင်း၊ အစိမ်းရောင်အင်ဂျင်နီယာပညာရပ် (Green Engineering) သည် အထူးပြုဘာသာရပ်တစ်ခုထက်ပိုမိုပြီး လူသားနှင့်သဘာဝတို့အကြား ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် အကျင့်စာရိတ္တလမ်းညွှန် (Moral Compass) ဖြစ်ရမည်ဖြစ်ကြောင်း၊ တရုတ်သိပ္ပံနှင့်နည်းပညာအသင်းကြီး (CAST) သည် မြန်မာနိုင်ငံအင်ဂျင်နီယာများ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့ကို စွမ်းဆောင်ရည်ဖွံ့ဖြိုးအောင် ကူညီပံ့ပိုးပေးခဲ့သဖြင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ တရုတ်သိပ္ပံနှင့်နည်းပညာအသင်းကြီးနှင့်အာရှပစိဖိတ်ဒေသရှိ အင်ဂျင်နီယာအသင်းများ၏ ထောက်ခံမှုဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့အစည်းများအဖွဲ့ချုပ် (WFEO) ၏ အမြဲတမ်းအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံရခြင်း၊ ဝါရှင်တန်သဘောတူညီချက် (Washington Accord) အာရှနှင့်ပစိဖိတ်ဒေသရှိ အင်ဂျင်နီယာပညာရေး စိစစ်အသိအမှတ်ပြုအစီအစဉ်များ၏ အရည်အသွေးနှင့်စံနှုန်းကို အသိအမှတ်ပြုခြင်းရရှိခဲ့ကြောင်း၊ အနာဂတ်အင်ဂျင်နီယာပညာရေးသည် စက်ယန္တရားများအပေါ် မှတည်မနေတော့ဘဲ အဓိပ္ပာယ်ရှိသည့် ပြည်သူ့အကျိုးပြုဖော်ဆောင်မှုအပေါ် အခြေခံထားသင့်ပြီး သက်ဆိုင်ရာဓာတ်ခွဲစမ်းသပ်ခန်း၊ သုတေသနဌာနများသာမက လူငယ်များ၏စိတ်နှင့်ဉာဏ်ပညာရည်တိုးတက်မှုအပေါ် ရင်းနှီးမြှုပ်နှံသွားရမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာပညာရပ်သည် အရင်းအမြစ်အသုံးပြုပြီး ပြိုင်ဆိုင်ခြင်းမဟုတ်ဘဲ မျှော်လင့်ချက်ကို လက်တွေ့အဖြစ်ပြောင်းလဲနိုင်ရန် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း စသဖြင့်ပြောကြားခဲ့ပါသည်။




အောက်တိုဘာလ ၁၄ ရက်နေ့ ဒေသစံတော်ချိန် ၉ နာရီအချိန်တွင် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာအင်ဂျင်နီယာညီလာခံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာဖိုရမ်သို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ၏ ကမ္ဘာကိုတိုးတက်ပြောင်းလဲလာစေမှုစွမ်းအား ခေါင်းစဉ်ဖြင့် အမှာစကားပြောကြားရာတွင် ဤကမ္ဘာလုံးဆိုင်ရာ အင်ဂျင်နီယာကွန်ဂရက်သည် လူသားတို့၏ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကိုပြသသည့် သာကေတစ်ခုဖြစ်ကြောင်း၊ နယ်နိမိတ်သို့မဟုတ် နိုင်ငံရေးဖြင့်

**စာမျက်နှာ ၈ သို့-**

**စာမျက်နှာ ၇ မှ-**

ကန့်သတ်မှုမရှိသည့်တစ်ခုတည်းသော ရည်မှန်းချက်ဖြင့် ကျွန်ုပ်တို့၏စည်းလုံးညီညွတ်မှုသင်္ကေတကို ပြသခြင်းဖြစ်ကြောင်း၊ အားလုံးအတွက် ပိုမိုကောင်းမွန်၊ တရားမျှတပြီး ရေရှည်တည်တံ့သောကမ္ဘာတစ်ခုကို ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများသည် စက်မှုလုပ်ငန်းများကိုသာမက လူသားတို့၏ အတွေ့အကြုံကိုပါ ပြောင်းလဲပေးပါကြောင်း၊ သို့သော် ဒီဂျစ်တယ်တော်လှန်ရေးတွင် မမေ့သင့်သည့်အချက်မှာ နည်းပညာ၏စစ်မှန်သောစွမ်းအားသည် လူသားတို့၏စိတ်ဓာတ်၌တည်ရှိသည်ဟူသော အချက်ပင်ဖြစ်ကြောင်း၊ ၎င်းသည် အင်ဂျင်နီယာတစ်ဦး၏ စာနာမှု၊ ကျောင်းသားတစ်ဦး၏စူးစမ်းလိုစိတ်နှင့် ဆန်းသစ်တီထွင်လိုသောရည်ရွယ်ချက်ဖြင့် နိုင်ငံများ၏ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း၊ ဤရာစုနှစ်၏စိန်ခေါ်မှုများကို တစ်နိုင်ငံတည်းရင်ဆိုင်၍ မရနိုင်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်ကူးပြောင်းမှု သို့မဟုတ်ဒီဂျစ်တယ်မညီမျှမှု စသည့်ပြဿနာရပ်များ၏ အဖြေများသည် တစ်နိုင်ငံတည်းဖြင့် ရှာဖွေနိုင်မည်မဟုတ်ဘဲ စည်းလုံးညီညွတ်မှုဖြင့်သာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့အစည်းများ အဖွဲ့ချုပ်၏ အင်ဂျင်နီယာမိသားစုသည် ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို ခံယူထားပါကြောင်း၊ စုပေါင်းဉာဏ်ပညာများကို အင်ဂျင်နီယာကြီးများမှတစ်ဆင့် အင်ဂျင်နီယာငယ်များအတွက် လက်ဆင့်ကမ်းမျှဝေခြင်းဖြင့် ပညာရပ်များရပ်တန့်မသွားအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့လက်ဆင့်ကမ်းပေးအပ်ခဲ့မည့် အမွေအနှစ်များသည် မိမိတို့တည်ဆောက်ခဲ့သောစက်များ၊ မိမိတို့ စီမံခန့်ခွဲသောစနစ်များမဟုတ်ဘဲ မိမိတို့မြှင့်တင်ပေးခဲ့သော စိတ်ဓာတ်များဖြစ်ကြောင်း၊ အင်ဂျင်နီယာများ၏ထက်မြက်မှု၊ လုပ်ဖော်ကိုင်ဖက်များ၏နွေးထွေးမှုနှင့် လူငယ်များ၏စွမ်းအားများဖြင့် ပြည့်နက်နေသောဤအခမ်းအနားသည် တိုးတက်မှုအိပ်မက်ဖြင့် ရှေ့ဆက်နေသည့် စည်းလုံးညီညွတ်သော မိသားစုတစ်စုပင်ဖြစ်ကြောင်း၊ အနာဂတ်ကို ကုဒ် သို့မဟုတ် အသေးစိတ်ပုံစံများဖြင့် ရေးသားထားခြင်းမဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကရုဏာနှင့်ရဲစွမ်းသတ္တိဖြင့် ဖော်ဆောင်ခြင်းဖြစ်ကြောင်း၊ နည်းပညာမြှင့်တင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် လူသားဆန်မှုတို့ဖြင့် ခံနိုင်ရည်ရှိစေမည့် ကမ္ဘာကြီးကို အတူတကွ ပုံဖော်သွားကြမည်ကြောင်း ပြောကြားသည်။

ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့အစည်းများ အဖွဲ့ချုပ် (World Federation Of Engineering Organizations) ၏ ၂၀၂၅ ခုနှစ် အထွေထွေညီလာခံ (General Assembly) နှင့်ကမ္ဘာလုံးဆိုင်ရာ အင်ဂျင်နီယာကွန်ဂရက် (Global Engineering Congress) ကို တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ဤညီလာခံအခမ်းအနားကြီးကို (World Federation Of Engineering Organization-WFEO ) အပါအဝင် တရုတ်သိပ္ပံနှင့်နည်းပညာအသင်းကြီး (China Association For Science And Technology-CAST) တရုတ်အင်ဂျင်နီယာအကယ်ဒမီနှင့်ရှန်ဟိုင်းမြို့ပြအစိုးရတို့ ပူးပေါင်း၍စီစဉ်ကျင်းပခြင်းဖြစ်သည်။

ယခုနှစ် ညီလာခံအခမ်းအနားကြီး၏ အဓိကဆောင်ပုဒ်မှာ ‘အင်ဂျင်နီယာသည် စိမ်းလန်းသောအနာဂတ်ကို ဖန်တီးပုံဖော်သည်’ (Engineering Shapes A Green Furture) ဖြစ်သည်။ ညီလာခံနှင့်ကွန်ဂရက်အား အင်ဂျင်နီယာနည်းပညာများက ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်၊ စိမ်းလန်းသောစီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်၊ ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသောဖွံ့ဖြိုးတိုးတက်မှုမူဘောင်ကိုဖန်တီးရန်နှင့် လူသားများ၏ ဘဝလိုအပ်ချက်များကို မြှင့်တင်ရာတွင်ပါဝင်ဆောင်ရွက်ရမည့်အခန်းကဏ္ဍများကို အလေးထားဆွေးနွေးရန်၊ ကုလသမဂ္ဂ၏ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs) ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရန်ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**စာမျက်နှာ ၆ မှ-**

လမ်းညွှန်မှာကြားပြီး သင်တန်းသားများအား စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးနေမှု၊ သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆပ်ပြာစက်ရုံ (မန္တလေး) သို့ရောက်ရှိပြီး ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းများ၊ အဆောက်အဦများ ပြုပြင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အဦများအား မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ-၂၀၂၅နှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စက်ပစ္စည်းကိရိယာများကိုလည်း သတ်မှတ်ထားသည့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (SoP) များအတိုင်း ဆောင်ရွက်ရန်နှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေးအတွက် အချိန်ဇယားများရေးဆွဲ၊ ကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကနှင့်ငှားရမ်း/ဖက်စပ်/အကျိုးတူဆောင်ရွက်နေသည့်စက်ရုံများ ထုတ်လုပ်မှုတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သင့်သည့် မူဝါဒချမှတ်ရန်နှင့် အစီအမံများရေးဆွဲရေး အကြံပြုနိုင်းအစည်းအဝေးကျင်းပ

ပုဂ္ဂလိကနှင့်ငှားရမ်း/ဖက်စပ်/အကျိုးတူဆောင်ရွက်နေသည့်စက်ရုံများ ထုတ်လုပ်မှုတိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် မူဝါဒချမှတ်ရန်နှင့် ဆောင်ရွက်ရမည့်အစီအမံများ ရေးဆွဲရေး အကြံပြုနိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာခင်မောင်ချို၊ ဗဟိုဘဏ်အဖွဲ့ဝင် စီးပွားရေးပညာရှင် ဒေါက်တာဇော်ဦး၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စက်မှုဝန်ကြီးဌာနမှ ပုဂ္ဂလိကသို့ ငှားရမ်းထားသည့်စက်ရုံများမှ တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဈေးကွက်စီးပွားရေးစနစ်အရ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိစက်ရုံများအနက် ပုဂ္ဂလိကသို့ ငှားရမ်းထားသောစက်ရုံများ၊ ဖက်စပ်လုပ်ငန်းများနှင့်အကျိုးတူစနစ်ဖြင့် လည်ပတ်နေသောစက်ရုံများ၏ကုန်ထုတ်လုပ်မှုစွမ်းအားသည် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ နိုင်ငံပိုင်စက်ရုံများကို အစိုးရ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်စက်ရုံများ ရင်ဆိုင်ကြုံတွေ့နေရသော စီးပွားရေးနှင့်လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များကို မှန်ကန်စွာပြန်လည်သုံးသပ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် အားနည်းချက်များကို လျော့နည်းအောင်၊ အားသာချက်များကို ပိုမိုရရှိအောင် ဆက်လက်ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအသွင်သဏ္ဍာန်ဖြင့် ဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ အလုပ်အကိုင်တည်ငြိမ်မှုကို ထိန်းသိမ်းတည့်မတ်ပေးနိုင်ခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံပိုင်စက်ရုံများကို စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ်တစ်ရပ်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးမှ ဆွေးနွေးရရှိသည့် အချက်အလက်များသည် ပုဂ္ဂလိကနှင့်အစိုးရကဏ္ဍတို့ပူးပေါင်း၍ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် စီးပွားရေးတန်ဖိုးတိုးတက်မှုကို မြှင့်တင်နိုင်မည့် ထိရောက်သောမူဝါဒနှင့် အကောင်အထည်ဖော်ရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲနိုင်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

***တမျက်နှာ ၁၁ သို့-***

# အကြိမ် (၂၀) မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

အကြိမ် (၂၀) မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာလ ၁၀ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ကျင်းပသည်။




အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လုပ်ငန်းကော်မတီဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်သူများအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်း ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက်ကြပြီး အကြိမ် (၂၀) မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ် Mr. Wittawat နှင့်အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများက Virtual ဖြင့် တက်ရောက်ကြသည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေခံအုတ်မြစ်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှင့်အလုပ်အကိုင်ဖန်တီးမှုတွင် အရေးပါဆုံးအခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာဆန်းသစ်တီထွင်မှုနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များမှတစ်ဆင့် MSME များကို စွမ်းဆောင်ရည်မြှင့်တင်ပေးရေးဆိုင်ရာ အာဆီယံ၏ဘုံရည်မှန်းချက်ကို အပြည့်အဝထောက်ခံကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် MSME များအတွက် ဒစ်ဂျစ်တယ်လက်ခံမှုနှင့် နည်းပညာအဆင့်မြှင့်တင်မှု၊ ဒေသတွင်းနှင့်ကမ္ဘာ့တန်ဖိုးကွင်းဆက်များတွင် ယှဉ်ပြိုင်နိုင်သော MSME များ ဖြစ်လာစေရန်၊ ဘဏ္ဍာရေး၊ ယန္တရားများအား လက်လှမ်းမီအသုံးပြုခွင့်ရရှိရေး၊ အားလုံးပါဝင်မှုနှင့်ရေရှည်တည်တံ့မှု၊ အာဆီယံမူဘောင်များအောက်တွင် အားလုံးပါဝင်

စာမျက်နှာ ၁၁ သို့-

***စာမျက်နှာ ၁၀ မှ-***

မှုရှိသော ဈေးကွက်ပေါင်းစည်းမှု၊ MSME လုပ်ငန်းများ၏ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပြန်လည်ထူထောင်နိုင်စွမ်းအတွက် စွမ်းရည်တည်ဆောက်ခြင်းနှင့် အသိပညာဖလှယ်ခြင်း၊ အာဆီယံလုပ်ငန်းများနှင့် မူဝါဒချမှတ်သူများအား အစိမ်းရောင်အသွင်ကူးပြောင်းရန် လိုအပ်သောကျွမ်းကျင်မှုများမြှင့်တင်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်အားကောင်းစေရန် စုပေါင်းအားဖြင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တီထွင်ဆန်းသစ်မှုအားကောင်းသည့် MSME များ ပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့သည့် MSME ဝန်းကျင်တစ်ခုဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိသည့် အာဆီယံ၏ဦးဆောင်ဦးရွက်ပြုမှုများကို အမြဲထောက်ခံအားပေးကြောင်း၊ ထို့ပြင် မိတ်ဖက်ဆက်ဆံရေးများ၊ အသိပညာမျှဝေခြင်းများနှင့် ဒေသတွင်း စည်းလုံးညီညွတ်မှုတို့မှတစ်ဆင့် MSME များသည် တန်းတူညီမျှပြီး ရေရှည်တည်တံ့သောတိုးတက်မှုအတွက် စွမ်းအားပြည့်နေသော အင်ဂျင်များအဖြစ် ဆောင်ရွက်နိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ်က ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရေးအတွက် ကော်မတီဝင်အားလုံး MSME များ ရင်းနှီးမြှုပ်နှံမှုရရှိရေး၊ အားလုံးပါဝင်လုပ်ကိုင်နိုင်သည့်စီးပွားရေးဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရေး၊ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏အခန်းကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ရေးအတွက် ၂၀၂၅ ခုနှစ်အတွင်း ဆန်းစစ်မှုပြုလုပ်ရန် ကတိကဝတ်ပြုထားခဲ့ကြပြီးဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ် ဆန်းစစ်မှုအဖြစ် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် MSME များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းပါဝင်မြှင့်တင်သွားနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ၂၀၂၅ ဆန်းစစ်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၃၀ ကို ပြန်လည်သုံးသပ်ခြင်းအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ်သွားကြရန်နှင့် အာဆီယံဆိုင်ရာအသင်းအဖွဲ့များ၊ မိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၌ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် Video Clip ကိုပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် အကြိမ် (၂၀) မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဂုဏ်ပြုညစာစားပွဲကို Park Royal ဟိုတယ်၌ကျင်းပခဲ့ကြောင်းနှင့်အဆိုပါအကြိမ် (၂၀) မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACC-MSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

***စာမျက်နှာ ၉ မှ-***

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစိုးရတာဝန်ယူသည့် လေးနှစ်ခွဲကာလအတွင်း စက်မှုဝန်ကြီးဌာန၏နှစ်အလိုက် ထုတ်လုပ်မှု၊ ရောင်းချမှု၊ ဖြန့်ဖြူးမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု၊ MSME များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့မှု၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စက်မှုလုပ်ငန်းများကို စစ်ဆေးကြီးကြပ်ခြင်းများဆောင်ရွက်ခဲ့မှုနှင့် အသိပညာပေးဆွေးနွေးပွဲများ ကျင်းပခဲ့မှု၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေများရေးဆွဲနေမှု၊ ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး ဖော်ဆောင်နေမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုဘဏ်အဖွဲ့ဝင်၊ စက်မှုလုပ်ငန်းများမှ တာဝန်ရှိသူများက စက်မှုဝန်ကြီးဌာနနှင့် ဌာနခွဲများ၊ ဖက်စပ်၊ အကျိုးတူဆောင်ရွက်နေသည့်စက်ရုံများ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာများ၊ ဆွေးနွေးပွဲ၏ရည်ရွယ်ချက်နှင့်မျှော်မှန်းချက်များ၊ စက်ရုံများရင်ဆိုင်ကြုံတွေ့နေရသည့်စီးပွားရေးနှင့်လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြရာ တက်ရောက်လာသည့်လုပ်ငန်းရှင်များက ထပ်ဆင့်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စက်ရုံများရင်ဆိုင်ကြုံတွေ့နေရသည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ အုပ်စုခြောက်စုခွဲ၍ စားပွဲဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ အုပ်စုအလိုက်ဆွေးနွေးရရှိခဲ့သည့် စိန်ခေါ်မှုများ၊ ဖြေရှင်းဆောင်ရွက်ရမည့်အကြံပြုချက်များကို ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ထပ်ဆင့်ဝိုင်းဝန်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း
# နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြု

စက်မှုဝန်ကြီးဌာနမှ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုသည့်အခမ်းအနားကို နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့်ဝန်ထမ်းများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီလက်ထက်တွင် နိုင်ငံတော်ကချီးမြှင့်အပ်နှင်းသည့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနမှဝန်ထမ်း ၃၆ ဦး ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် စီမံထူးချွန်တံဆိပ် (တတိယအဆင့်) ၁၂ ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယအဆင့်) ငါးဦး၊ ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (တတိယအဆင့်) တစ်ဦး စုစုပေါင်းဝန်ထမ်း ၁၈ ဦးရရှိခဲ့ကြောင်း၊ ရရှိခဲ့သည့် ဝန်ထမ်းများသည် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် ထူးကဲစွာစွမ်းဆောင်ခဲ့သူများ၊ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများ၊ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ သံမဏိစက်ရုံစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများဖြစ်ကြောင်း၊ ဦးစီးဌာန/လုပ်ငန်းများအနေဖြင့် ဝန်ထမ်းများအား ဂုဏ်ထူးဆောင်တံဆိပ်များ ထပ်မံချီးမြှင့်နိုင်ရေးအတွက် သေချာစွာ စိစစ်ပြီး တင်ပြပေးကြရန်နှင့် မိမိတို့ဝန်ကြီးဌာနနှင့်ဆက်စပ်လုပ်ကိုင်လျက်ရှိသည့် ပြင်ပအဖွဲ့အစည်းများမှ ပညာရှင်များ၊ လျှင်ကာလတွင် လာရောက်ကူညီဆောင်ရွက်ပေးခဲ့သည့်ပညာရှင်များကိုလည်း ထောက်ခံတင်ပြပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် ဝန်ထမ်းတစ်ဦးချင်းစီအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ချီးမြှင့်ငွေများပေးအပ်သည်။(ပုံ)



မွန်းလွဲပိုင်းတွင် တက္ကသိုလ်ဝင်တန်းပြီးမြောက်သူများအား စက်မှုသင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားနိုင်ရေးနှင့် ITC ပညာရေးနှင့်လေ့ကျင့်ရေးမြှင့်တင်မှုအစည်းအဝေးကို ဆက်လက်ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုသင်တန်းကျောင်းများအနေဖြင့် Grade 12 သင်ယူပြီးမြောက်သူများအတွက် စက်မှုကျွမ်းကျင်တစ်နှစ်၊ နှစ်နှစ် သင်တန်းများ၊ Grade 9 သင်ယူပြီးမြောက်သူများအတွက် ကျွမ်းကျင်မှုအခြေပြုကာလတို သုံးလသင်တန်းများ၊ Grade 5 ပြီးမြောက်သူများအတွက် စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်းများကို ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများမှ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများကို တစ်ဆင့်မြင့်သင်တန်းများတက်ရောက်ပြီး ပညာဆက်လက်သင်ယူခွင့်ရရှိနိုင်ရေး ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ရေရှည်မဟာဗျူဟာအစီအမံကို စနစ်တကျအကောင်အထည်ဖော်ခြင်းဖြင့် ' ITC ပညာရေးနှင့်လေ့ကျင့်ရေးမြှင့်တင်မှုဆိုင်ရာ ' စီမံချက်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများကို ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အများစုတည်ရှိသည့်နေရာများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ITC ပညာရေးနှင့်လေ့ကျင့်ရေးမြှင့်တင်မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျောင်းအုပ်ကြီးများက စက်မှုသင်တန်းကျောင်းများ၏အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မျက်နှာဖုံးမှ -

# သံရည်ကျိုနည်းပညာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

သံရည်ကျိုနည်းပညာမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်ရှိ အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်) ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်တာဝန်ရှိသူများသည် Virtual စနစ်ဖြင့် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနမှတက်ရောက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စက်ရုံမှူးနှင့်အရာထမ်းများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ၌ တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ စွမ်းဆောင်





ရည်မြှင့်တင်ရေးအတွက် ‘သံရည်ကျိုနည်းပညာမွမ်းမံသင်တန်း’ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ စက်ရုံစက်စွမ်းအားပြည့်လည်ပတ်နိုင်ရန် စက်ပိုင်းဆိုင်ရာပြင်ဆင်မှုများအပြင် လူ့စွမ်းအားအရင်းအမြစ်များကို အချိန်နှင့်တစ်ပြေးညီ လေ့ကျင့်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ သံရည်ကျိုခြင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများ၊ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ရေးနည်းလမ်းများနှင့် အရည်အသွေးထိန်းချုပ်ရေးနည်းစနစ်တို့ကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန် တိုက်တွန်းပါကြောင်း၊ သင်တန်းမှရရှိလာသည့် နည်းပညာများကို မိမိတို့၏စက်ရုံ၊ လုပ်ငန်းခွင်တွင် လက်တွေ့ကျကျထိရောက်စွာ အသုံးချခြင်းဖြင့် စက်ရုံ၏စွမ်းဆောင်ရည်ကို မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏တိုးတက်မှုသည် စက်ရုံ၏တိုးတက်မှုဖြစ်သလို ဝန်ကြီးဌာနနှင့်နိုင်ငံတော်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့်သင်တန်းဖွင့်လှစ်ရန် စီမံဆောင်ရွက်ခဲ့ရမှုတို့ကို ရှင်းလင်းတင်ပြသည်။

သင်တန်းသို့ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)မှ အရာထမ်း၊ အမှုထမ်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် Novotel Hotel ၌ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ အကြိမ်(၃၀) မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးနှင့် ညစာစားပွဲအခမ်းအနားကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ညီနောင်အသင်းများမှဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှ အကြံပေးပုဂ္ဂိုလ်များ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး စက်မှုဇုန်များမှဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ၂၀၂၅ ခုနှစ်လုပ်ငန်းဆောင်ရွက်မှုနှင့်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြခြင်း၊ စက်မှုလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်၍ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း

## စွမ်းအင်စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲတက်ရောက်

မဲခေါင်-လန်ချန်းပူးပေါင်းအစီအစဉ်၏ အထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ဆောင်ရွက်လျက်ရှိသည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်းအောက်၌ပြုလုပ်သည့် စွမ်းအင်စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။





သင်တန်းဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယဉက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှကောင်စစ်ဝန် ဒေါက်တာကျန်းကျိဟုန် (Dr. Zheng Zhihong)၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များမှကျွမ်းကျင်ပညာရှင်များ၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများမှ သင်တန်းသားများ၊ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စွမ်းအင်သည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်နေရာမှပါဝင်နေပြီး စွမ်းအင်အဖြစ်အသုံးပြုနေသည့် ရုပ်ကြွင်းလောင်စာ အရင်းအမြစ်များသည်လည်း အကန့်အသတ်ဖြင့် တည်ရှိကြောင်း၊ ရုပ်ကြွင်းလောင်စာများကိုအသုံးပြုခြင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် ရေရှည်တည်တံ့သည့် အနာဂတ်ဖြစ်စေရေးအတွက် စွမ်းအင်သုံးစွဲရာတွင် စနစ်တကျစီမံခန့်ခွဲ၍ ထိရောက်စွာအသုံးပြုပြီး မလိုလားအပ်သည့်လေလွင့်ဆုံးရှုံးမှုများ မဖြစ်စေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများတွင် ပိုမိုသန့်ရှင်းပြီး ရေရှည်တည်တံ့သည့်ပြန်ပြည့်မြဲစွမ်းအင်များ၊ ဇီဝလောင်စာနှင့်ဟိုက်ဒရိုဂျင်ကဲ့သို့အစားထိုးလောင်စာများ ပြောင်းလဲသုံးစွဲမှုကို အရှိန်မြှင့်တင်ရန်လိုအပ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ယခုသင်တန်းမှလက်တွေ့အသုံးချနိုင်သည့် စွမ်းအင်စီမံခန့်ခွဲမှုစနစ်နှင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဆိုင်ရာနည်းပညာ၊ အသိပညာများကို ရရှိနိုင်မည်ဟုယုံကြည်ပါကြောင်း၊ သင်တန်းမှလေ့လာသိရှိခဲ့ရသည့်အသိပညာရပ်များ၊ ဗဟုသုတများကို မိမိတို့လုပ်ငန်းနယ်ပယ်တွင် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်အသုံးချ၍ ထိရောက်သည့်အလေ့အကျင့်ကောင်းများကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတသံရုံးမှ ကောင်စစ်ဝန် ဒေါက်တာကျန်းကျိဟုန်၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ ဒုတိယဉက္ကဋ္ဌ၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားများပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

*စာမျက်နှာ ၁၅ သို့-*

မျက်နှာဖုံးမှ -

## အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများ အလုံးစုံပြီးစီးရေးဆွေးနွေး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင်အဖွဲ့အစည်း Rostec ၏ကိုယ်စားလှယ်ဖြစ်သူ Mr. Pavel E.Saplin နှင့် Tyazhprom-export (TPE)Co.,Ltd. မှ Chief Engineer ဖြစ်သူ Mr. Aleksandr Senin တို့မှဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)ရှိ လေသန့်စင်အလုပ်ရုံလည်ပတ်နိုင်ရေးအတွက် TPE Co.,Ltd. မှ အင်ဂျင်နီယာပညာရှင်များလာရောက်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ လေသန့်စင်အလုပ်ရုံရှိ ကွန်ပရက်ဆာများစမ်းသပ်လည်ပတ်ခဲ့မှု၊ လေသန့်စင်အလုပ်ရုံတွင် ပိုက်လိုင်းများသန့်ရှင်းရေးပြုလုပ်ရန်အတွက် လိုအပ်သောဓာတုပစ္စည်းများနှင့် ရေငွေ့စုပ်ယူဖယ်ထုတ်ပစ္စည်း (Molecular Sieve) များ အချိန်မီရောက်ရှိရေး၊ လေသန့်စင်အလုပ်ရုံတစ်ခုလုံးအား သတ်မှတ်ချိန်အတွင်း စမ်းသပ်လည်ပတ်မောင်းနှင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လေသန့်ရေးအတွက်ဆောင်ရွက်မည့်အခြေအနေ၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများ အလုံးစုံပြီးစီးရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ငွေကြေးအကူအညီအထောက်အပံ့ရရှိရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကိုရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။*(ပုံ)*




စင်အလုပ်ရုံမှ ဆေးဝါးသုံးအောက်စီဂျင်များထုတ်လုပ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်နည်းပညာတက္ကသိုလ် (National University of Science and Technology - MISiS) နှင့် Stalproekt Co., Ltd. တို့မှ ပါမောက္ခ၊ ပညာရှင်များလာရောက်၍ ရိုးမတ်နည်းပညာအသုံးပြု သံရည်ကျိုအလုပ်ရုံလည်ပတ်နိုင်

တွေ့ဆုံပွဲသို့သို့ စီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

---

**စာမျက်နှာ ၁၄ မှ-**

အဆိုပါသင်တန်းတွင် တရုတ်နိုင်ငံမှ ရေခဲသေတ္တာနှင့်လေအေးစက် ထုတ်လုပ်မှုလုပ်ငန်းရှင်များအသင်းနှင့် ပြည်တွင်းကျွမ်းကျင်ပညာရှင်များက ဘွိုင်လာနှင့်ရေနွေးငွေ့သုံးစနစ်အား ထိန်းညှိခြင်း၊ အအေးခံမှုကွင်းဆက်အတွက် အစိမ်းရောင်အအေးခံအစားထိုးစနစ်၊ လေအေးပေးစက်စနစ်တွင် စွမ်းအင်စီမံခန့်ခွဲမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အား အကဲဖြတ်ခြင်း စသည့်အကြောင်းအရာများကို နှစ်ရက်ကြာ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့နေပြည်တော်အတွင်းရှိ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများမှ သင်တန်းသား ၆၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

---

**ကျောဖုံးမှ-**

ထုပ်ပိုးမှုစနစ်များကိုလည်း ခေတ်မီဒီဇိုင်းနည်းပညာများဖြင့် ဈေးကွက်အတွင်း ထိုးဖောက်ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်ရန်၊ ပြည်သူများကျန်းမာရေးအတွက် သုံးစွဲမှုများပြားသည့်ဆေးဝါးများကို လုံလောက်စွာဝယ်ယူအသုံးပြုနိုင်ရေး လိုအပ်ချက်ပြည့်မီအောင် တိုးမြှင့်ထုတ်လုပ်ပေးသွားရန် MSME ထုတ်ကုန်ပစ္စည်းများကိုလည်း စစ်ဆေးပေးသွားရန်နှင့် စက်မှုလုပ်ငန်းများမှစွန့်ပစ်ပစ္စည်းများကိုလည်း အများပြည်သူ၏ကျန်းမာရေးထိခိုက်မှုမရှိစေရေး လိုအပ်သလိုစစ်ဆေးပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း

## မူလဓာတုဗေဒဓာတ်ခွဲခန်း တည်ဆောက်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေးခြင်း

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ်ရှိ သုတေသနဌာနဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသည့် မူလဓာတုဗေဒဓာတ်ခွဲခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက မူလဓာတုဗေဒဓာတ်ခွဲခန်း တည်ဆောက်ပြီးစီးမှုနှင့် စက်ပစ္စည်းများတပ်ဆင်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတုဗေဒစ္စည်းများကို အမြန်ဆုံးစမ်းသပ်စစ်ဆေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ ဓာတုဗေဒပစ္စည်းများကို စမ်းသပ်စစ်ဆေးမည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်၊ မူလဓာတုဗေဒဓာတ်ခွဲခန်း၌ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို စနစ်တကျရေးဆွဲဆောင်ရွက်သွားရန်၊ ဓာတုဗေဒပစ္စည်းများကို စမ်းသပ်စစ်မေးမည့် ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသည့်လုပ်ငန်းစဉ်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ရန်မှာကြားပြီး မူလဓာတုဗေဒဓာတ်ခွဲခန်း ဖွင့်လှစ်နိုင်ရေးအတွက် ဓာတုပစ္စည်းများ၊ အဏုဇီဝပိုးမွှားများအား စစ်ဆေးနိုင်မည့် စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ *(ပုံ)*

မူလဓာတုဗေဒဓာတ်ခွဲခန်းကို သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များအပေါ် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများမှဖြစ်ပေါ်လာသောထိခိုက်မှုနှင့် အန္တရာယ်ကိုကာကွယ်ရန်၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများနှင့်သက်ဆိုင်သည့် မြန်မာနိုင်ငံကအတည်ပြုလက်ခံထားသော အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ပြည်တွင်းလိုအပ်ချက်များအရ ဓာတုပစ္စည်းများ၏အန္တရာယ်အဆင့်ပေါ်မူတည်၍ တားမြစ်ဓာတုပစ္စည်းနှင့်ကန့်သတ်ဓာတုပစ္စည်းစာရင်း ထုတ်ပြန်ရန်၊ "ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းဆိုင်ရာ အမိန့်"အရ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ခြင်းအပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်စေရန်၊ ဓာတုဗေဒပညာရပ်ကို မှားယွင်းအသုံးပြုမှုမရှိစေရန်အတွက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ရန်နှင့်လုပ်ငန်းရှင်များအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် သက်ဆိုင်သောသင်တန်းများနှင့် အသိပညာပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။



မူလဓာတုဗေဒဓာတ်ခွဲခန်းအနေဖြင့် Heavy Metal Element များ၊ ဓာတုပစ္စည်းများကို ဓာတ်ငွေ့အဖြစ်ပြောင်းလဲစေပြီး ဒြပ်ပေါင်းအမျိုးအစားနှင့် ပါဝင်မှုပမာဏကိုတိုင်းတာခြင်း၊ အဏုဇီဝပိုးမွှားများစသည်တို့ကို စမ်းသပ်စစ်ဆေးနိုင်ပြီး မူလဓာတုဗေဒဓာတ်ခွဲခန်းထူထောင်ခြင်းဖြင့် ပြည်ပမှတင်သွင်းလာမည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို စနစ်တကျဓာတ်ခွဲတိုင်းတာစစ်ဆေးပေးနိုင်ခြင်းအားဖြင့် သက်ရှိများ၏ အသက်အန္တရာယ်နှင့် ပတ်ဝန်းကျင်၊ ရာသီဥတုနှင့်ဂေဟစနစ်အပေါ် ဆိုးရွားသောထိခိုက်မှုများ လျှော့နည်းစေခြင်း၊ ဓာတုပစ္စည်းများ၏အန္တရာယ်အဆင့်ပေါ်မူတည်၍ တားမြစ်ဓာတုပစ္စည်းနှင့် ကန့်သတ်ဓာတုပစ္စည်းစာရင်း ထုတ်ပြန်ပေးခြင်းဖြင့် ဆိုးရွားသည့်ထိခိုက်မှုများကို ကာကွယ်ပေးနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ပါးစေခြင်း၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊ လုပ်ငန်းရှင်များအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်သက်ဆိုင်သော သင်တန်းများနှင့်အသိပညာပေးခြင်းဖြင့် ဓာတုဗေဒပညာရပ်ကို မှားယွင်းအသုံးပြုမှုမရှိစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သုတေသနဌာနအနေဖြင့် ဆေးဝါးအမယ်သစ်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်နှင့်

***စာမျက်နှာ ၁၅ သို့-***